
mgyoe.com

# ကဗျာဆရာများနှင့် စကားပြောခြင်း

လေးကိုတင်



mgyoe.com

တထ်ဝဝတ်

mgyoe.com

# ကဗျာဆရာများနှင့် စကားပြောခြင်း

လေးကိုတင်

ISBN9789997113023
LKT5
9 7?9997 11302?
1,800.0(.S

mgyoe.com

ထုတ်ဝေသူ – ဒေါ်အိဝတ်ရည်ထွန်း၊ ဂျူတီစာပေ၊
(၀၂၀၇၇)၊ ဓမ္မရုံလမ်း၊ လှိုင်၊ ရန်ကုန်။
ပုံနှိပ်သူ – ဦးသန်းငွေဇော်၊ သိန်းသန်းဇော်ပုံနှိပ်တိုက်၊
(၀၀၁၀၁)၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ နိုဝင်ဘာလ၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

၁၈၀၀ ကျပ်

mgyoe.com

mgyoe.com

# ကဗျာဆရာများနှင့် စကားပြောခြင်း

လေးတိုတင်

mgyoe.com



mgyoe.com

mgyoe.com


# မာတိကာ


| | | |
|---|---|---|
| ၁။ | ကိုရွှေးနှင့် စကားစမြည် | ၃ |
| ၂။ | နေမျိုးနှင့် စကားစမြည် | ၁၁ |
| ၃။ | ဇော်လူစိမ်းနှင့် စကားစမြည် | ၂၃ |
| ၄။ | မင်းဆွေနှစ်နှင့် စကားစမြည် | ၃၃ |
| ၅။ | မောင်ဖိလာနှင့် စကားစမြည် | ၄၇ |
| ၆။ | သော်ဇင်အုန်းနှင့် စကားစမြည် | ၅၅ |
| ၇။ | နွေလယ်နေနှင့် စကားစမြည် | ၆၃ |
| ၈။ | အောင်ဒင်/ဒတ္တနှင့် စကားစမြည် | ၇၃ |
| ၉။ | စန်းဦးနှင့် စကားစမြည် | ၈၃ |
| ၁၀။ | ကျွန်တော်တို့နှင့် ရသစာတမ်း ဒိုင်ယာလော့ | ၈၉ |
| ၁၁။ | ကျွန်တော်နှင့် ဝတ္ထုတိုဒိုင်ယာလော့ | ၉၉ |
| ၁၂။ | ကျွန်တော်တို့စာပေဝေဖန်ရေး ဒိုင်ယာလော့ | ၁၀၉ |
| ၁၃။ | စာပေဝေဖန်ရေး ဒိုင်ယာလော့ (၂) | ၁၁၅ |




mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## ကိုရွှေးနှင့် စကားစမြည်

မေး။ ဆရာ့ရဲ့ ကဗျာခံစားမှုတွေဟာ ပွင့်လင်းမြင်သာပါတယ်ဆိုတဲ့ ဒီကနေ့လို နိုင်ငံရေးမြင်ကွင်းထဲမှာ အခြေခံနေပါတယ်။ နိုင်ငံတစ်ဝန်းဖြစ်ပျက်နေတာတွေကို 'တထိတ်ထိတ်ကဗျာ' ဖတ်ရတာနဲ့ပဲ နားလည်လို့ရပါတယ်။ ဒီတော့ နာဂစ်၊ လက်ပံတောင်း၊ မြစ်ဆုံ၊ ငြိမ်းချမ်းရေးနဲ့ ရန်ကုန်ရပ်ဝန်းကဗျာတွေ ခံစားရေးဖွဲ့ပုံကို ပြောပြပါဦး။

ဖြေ။ ကျွန်တော့်ကဗျာ ခံစားမှုကို ရိုးရှင်းတယ်လို့ သုံးပါရစေ။ ဒီဘက်ခေတ်မှာ လူအများစုဟာ အချိန်နဲ့ဉစ္စာဓနအရမ်းဆင်းရဲကြတယ်။ ဒါကြောင့် ကျွန်တော့်ကဗျာကို ဖတ်ရလွယ်ကူအောင်ရေးတယ်။ ရိုးရိုးရှင်းရှင်း နိမိတ်ပုံတွေကိုသုံးတယ်။ တစ်ခေါက်ဖတ်ပြီး နောက်တစ်ခေါက်ထပ်ဖတ်စရာမလိုလောက်အောင် ခံစားနားလည်စေချင်တယ်။ ဥပမာ 'တထိတ်ထိတ်ကဗျာ' ထဲက 'အမုန်းဓားကို နှလုံးသားနဲ့ ထောက်ပြီး ကွေးနေရတာဆိုတော့' ဆိုတဲ့ စကားလုံးမျိုးပေါ့။ ကိုယ့်ကို မလိုမုန်းထားသူတွေ၊ ကိုယ့်ကို အကြိမ်ကြိမ်ချုပ်နှောင်သူတွေ၊ ကိုယ့်

mgyoe.com

mgyoe.com

အသက်ကို အကြိမ်ကြိမ် လုပ်ကြံသူတွေနဲ့အတူ အလုပ်လုပ်ဖို့ ရွေးကောက်ပွဲဝင်မယ်လို့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်တော့ ကျွန်တော် တကယ်ပဲစိုးရိမ်မိပါတယ်။ ရင်ထဲမှာ တကယ့်ကို တထိတ်ထိတ်ပါပဲ။ ဒါကြောင့် ဒီနိမိတ်ပုံလေးကို သုံးလိုက်တာပါ။ အခြားသူတွေလည်း ကျွန်တော့်လိုပဲ ခံစားရမယ်လို့ ထင်ပါတယ်။ နာဂစ်ဝင်မွှေသွားတော့ ကျွန်တော်မွေးဖွားရာ စလူဆိပ်ရွာလေး ပျောက်ဆုံးသွားတယ်။ ကျွန်တော်ကလေးဘဝတစ်လျှောက်လုံး ကြီးပြင်းခဲ့ရာ ရွှေမြစ်ကမ်းဘေးက ကျောက်မော်ရွာကလေးလည်း ကြေမွသွားတာပဲ။ ကျွန်တော့်အမျိုးတွေ အများကြီးပျက်စီးသွားကြတယ်။ အဲဒီအတွက် နာဂစ်ကဗျာတွေ ကြေကြေကွဲကွဲ ရေးဖွဲ့ဖြစ်ပါတယ်။ လက်ပံတောင်းအရေး၊ မြစ်ဆုံအရေး၊ ငြိမ်းချမ်းရေးနဲ့ စစ်ပြေးဒုက္ခသည်တွေအရေး၊ ရခိုင်ဒေသအရေးတွေအထိ ကျွန်တော့် ခံစားမှုတွေ ကူးစက်ခဲ့ပါတယ်။ ကဗျာတွေ တော်တော်များများ ရေးဖြစ်ပါတယ်။ ဒီအရေးတွေဟာ ဒေသခံတွေနဲ့သာ သက်ဆိုင်တာမဟုတ်ပါဘူး။ နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စလို့ ယုံကြည်လို့ပါပဲ။

**မေး။ နောက် ရန်ကုန်ရပ်ဝန်းမှာ ဖြစ်ပျက်နေတာတွေကိုလည်း မျက်ခြည်မပြတ်ပါဘူး။ 'ရန်ကုန်ကိုအလစ်မပေးနဲ့' ကဗျာဆိုပါစို့။ နိမိတ်ပုံ တွေအားကောင်းတယ်။ ဥပမာ 'လင်းတဆွဲတဲ့ အသားတစ်လို… ရန်ကုန်ဟာ အပိုင်းပိုင်းအထစ်ထစ်ပဲ' ဆိုတာမျိုးပေါ့။ ဆရာ့ရဲ့အာရုံရုပ်ထဲမှာ ကဗျာဓာတ်စီးပုံလေးသိချင်ပါတယ်။**

ဖြေ။ 'ရန်ကုန်အလစ်မပေးနဲ့' ကဗျာရေးဖြစ်ဖို့ တွန်းအားပေးတောက မန္တလေးမြို့ကိုရေးတဲ့ 'မြို့သိမ်း' ကဗျာနှစ်ပုဒ်က အဓိကဖြစ်မယ်ထင်ပါတယ်။ ကျွန်တော်မန္တလေးက ပြန်လာတော့ 'မြို့သိမ်း' ကဗျာရေးဖြစ်တယ်။ ရန်ကုန်ကို ရေးချင်ပေမဲ့ ရေးလို့မရဘူးဖြစ်နေတယ်။ ကျွန်တော် ရန်ကုန်မြို့ထဲကို နေ့တိုင်းနီးပါးရောက်ပါတယ်။ တစ်ခါ

mgyoe.com

mgybe.com

တော့ ဆူးလေပန်းခြံဘက်ကို လေးငါးရက်မရောက်ဖြစ်ဘူး။ ရောက်လည်းရောက်ရော ကျွန်တော် အံ့သြရတော့တာပဲ။ ဆူးလေပန်းခြံမရှိတော့ဘူး။ စာအုပ်ဆိုင်တွေ မရှိတော့ဘူး။ အများသုံး အိမ်သာမရှိတော့ဘူး။ မြေကွက်လပ်ကြီးကို ခြံဝန်းခတ်ထားတာပဲ တွေ့ရတော့တယ်။ ကျွန်တော်တကယ်ကို အံ့သြမိပါတယ်။ ရန်ကုန်ဟာ အပြောင်းအလဲ မြန်လှချည်လားလို့ပေါ့။ အဲဒီမှာ အတွေးတစ်ခုရတာပါပဲ။ ရန်ကုန်ကို အလစ်ပေးလို့ မဖြစ်တော့ဘူးဆိုတဲ့အတွေးပါ။ ကျွန်တော်က အလုံမှာ နေပါတယ်။ တစ်နေ့ကြည့်မြင်တိုင်ဘက်ကို သွားရင်း ထပ်ပြီး အံ့သြရပြန်တယ်။ ကမ်းနားကို မမြင်ရတော့ပါဘူး။ ကျွန်တော်တို့အလုံကဘောလုံးကွင်းကြီးဆိုလည်း မရှိတော့ပါဘူး။ ယာယီဈေးကြီးဖြစ်နေပါပြီ။ နောက်ထပ် ဘာကြီးဖြစ်ဦးမယ်မသိပါဘူး။ ညနေ အိမ်ပြန်ချိန်တွေမှာတောင် ငါတို့လမ်းကို ဘယ်သူတွေသိမ်းသွားပြီလဲ၊ ငါတို့အိမ်ကို ဘယ်သူတွေ ဝယ်သွားပြီလဲဆိုတဲ့ အတွေးဝင်လာရာက 'ရန်ကုန်ကို အလစ်မပေးနဲ့' ကဗျာရေးဖြစ်သွားတာပါပဲ။

**မေး။ ဆရာ့ရဲ့ ပထမဦးဆုံးကဗျာစာအုပ် 'ကြည်လင်သော ရေတံခွန်' မဖြစ်ခင် ရေတံခွန်ဇာစ်မြစ်ကလေးကို ပြောပြပါဦး။ နောက်ဆရာ့ရဲ့ မူလကဗျာလမ်းကြောင်းမှာပဲ 'ကိုယ်ပိုင်ဟန်' (Own Style) တည်ဆောက်ရပုံလည်း စဉ်းစားကြည့်ပါခင်ဗျာ။ ကဗျာရေးသက် နှစ် ၂၀ အကြောင်းပေါ့။**

ဖြေ။ 'ကြည်လင်သောရေတံခွန်' ကဗျာစာအုပ်ရဲ့ နောက်ခံအကြောင်းအရာတွေက ရှည်လျားလှပါတယ်။ အကျဉ်းချုပ်ပြီး ပြန်ပြောရရင် ရေတံခွန်ဆိုတဲ့ စကားလုံးလေးက ကျွန်တော့်ကို လွှမ်းမိုးနေခဲ့တာ ကာလအတော်ကြာခဲ့ပါပြီ။ အဲဒီအချိန်တွေတုန်းက လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နေအိမ်မှာ အကျဉ်းကျနေတဲ့ ကာလပေါ့။ သူ့ကို အမှတ်တရ အားပေးချင်တာကြောင့် ရေတံခွန်ကဗျာစာအုပ် ၄ အုပ်လုပ်ဖြစ်ပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့သူငယ်ချင်းတစ်စု

mgybe.com

mgyoe.com


ကျွန်တော်၊ ဝင်းမြင့်၊ မိုးဝေး၊ ခက်ထန်ပိုင်စိုး၊ ဝဏ္ဏကို တို့အပြင် ကိုမိုယ်းဇော်၊ ကိုဝင်းမောင်၊ ကိုဝင်းလွင်၊ ဝင်းဇော်လွင်၊ ကျော်ဇောခိုင် စသည်ဖြင့် ဝိုင်းဝန်းအားထုတ်ခဲ့ကြတာပါ (ကျွန်တော်၊ ဝင်းမြင့်၊ မိုးဝေးနဲ့ ဝဏ္ဏကိုတို့ တစ်ယောက်တစ်အုပ်စီ စီစဉ်ကြပါတယ်။ ပုံစံမတူတဲ့ကဗျာစာအုပ် ၄ အုပ်ဖြစ်လာတာပေါ့ပဲ။) စစ်အစိုးရလက်ထက်မှာ တထိတ်ထိတ်နဲ့ ပျော်စရာကောင်းခဲ့တာပါပဲ။ အခုတော့ အဲဒီကဗျာ ၄ အုပ်ထဲက ကဗျာတွေလည်း မဂ္ဂဇင်းစာမျက်နှာတွေပေါ်ကြဲပြန့်ကုန်ပါပြီ။ အဲဒီသံယောဇဉ်နဲ့ပဲ တစ်ကိုယ်တော်ကဗျာလုပ်ဖြစ်တော့ နောက်ဆုံး 'ကြည်လင်သောရေတံခွန်' ကို သုံးဖြစ်တာပါပဲ။

ကိုယ်ပိုင်ဟန်ဆိုတာကိုတော့ သိပ်သတိမထားမိပါဘူး။ ကိုယ်လမ်းလျှောက်တာ ကိုယ်ပြန်မမြင်ရသလိုမျိုးပဲ ထင်ပါတယ်။ အရင်ထက်စာရင် ကဗျာမှာ နိမိတ်ပုံတွေကို လျှော့ပစ်တယ်။ မူရင်းအဖြစ်အပျက်တွေအတိုင်းနီးပါးစကားလုံးတွေကို သုံးတယ်။ နိမိတ်ပုံသုံးဖြစ်ရင်လည်း အားရှိတဲ့နိမိတ်ပုံမျိုးဖြစ်အောင် သတိထားပြီးရေးပါတယ်။

**မေး။ ဆရာက နိုင်ငံတကာခံစားမှုလည်း ရှိသားပဲ။ ဆရာ့ရဲ့ 'ပါလက်စတိုင်းကလေးငယ်တစ်ဦးရဲ့ မေးခွန်း' ကဗျာကနေ 'ဇန်နူးဘန်ဇွာ' ကဗျာတွေအထိဆိုပါတော့။**

ဖြေ။ နိုင်ငံတကာကိစ္စတွေကိုလည်း စိတ်ဝင်စားပါတယ်။ အဓိကအားဖြင့်တော့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ၊ သတင်းစာတွေနဲ့ တခြားမီဒီယာတွေကနေ နိုင်ငံတကာရေးရာတွေကို သိခွင့်ရပါတယ်။ မှားတာမှန်တာထက် အားနည်းတဲ့ ဘက်ကရပ်တည်မိပါတယ်။ ပါလက်စတိုင်းက ကလေးတွေကို ကဗျာဖွဲ့မိသလို ရော်ဂျီယာက ကလေးတွေအတွက်လည်း ကဗျာဖွဲ့ဖြစ်ပါတယ်။

ဇန်နူးနဲ့ ဘန်ဇွါဟာ ကျွန်တော့်စိတ်ကူးထဲက ဇာတ်ကောင်တွေပါ။ ဒီခေတ် ကျွန်တော်တို့ လူမှုအသိုက်အဝန်းကို သတိပေးချင်တာပါ။ မတရားမှုတွေဟာ ရေလှိုင်းတွေလို၊ တောမီးတွေလိုလာနေပြီဆိုတော့ ကျွန်တော်တို့ ကိုယ့်တရားကိုယ်စောင့်နေရုံလောက်နဲ့ မလုံ

mgyoe.com

mgyoe.com


လောက်တော့ဘူး။ ကာကွယ်ရမယ်ဆိုတာကို သိစေချင်တာပါ။

မေး။ နောက်ဆုံးမေးခွန်းပါပဲ။ ဒီကနေ့ ကဗျာတော်တော်များများဟာ မြန်မာပြည်နိုင်ငံရေးကားချပ်ထဲမှာ ခံစားရေးဖွဲ့နေကြပါတယ်။ တချို့ဆိုရင် နိုင်ငံရေး ကြေညာစာတမ်းလိုလို ဖတ်ရတာမျိုးဆိုပါတော့။ ထားပါ။ ဆရာ့အနေနဲ့ ကဗျာတစ်ပုဒ်ကို အနုပညာပစ္စည်းတစ်ခုလို ဖန်တီးတဲ့နေရာမှာ အကြောင်းအရာနဲ့ သဟဇာတဖြစ်ဖို့ ကြိုးစားပုံရယ်၊ ဆန္ဒစွဲကင်းကင်း (Non-Objectism) နဲ့ ဖန်တီးရင်း အနုပညာအားကောင်းအောင် ဖန်တီးပုံရယ်... နောက်ဆုံးပြောစေချင်ပါတယ်။

ဖြေ။ ကဗျာနဲ့အကြောင်းအရာ သဟဇာတဖြစ်ဖို့ ကြိုးစားရတဲ့ မေးခွန်းကို ကျွန်တော်မဖြေတတ်ပါဘူး။ ဆန္ဒစွဲကင်းကင်းနဲ့ အနုပညာအားကောင်းအောင် ဖန်တီးပုံဆိုတာ ကျွန်တော့်အတွက်ပိုပြီး ခက်ခဲနေပါတယ်။ ကျွန်တော်က ဆန္ဒစွဲမကင်းပါဘူး။ ကျွန်တော်က ခံစားမှုကို ဦးစားပေးတတ်သူဆိုတော့ အားနည်းတဲ့ဘက်ကပဲ ရပ်တည်မိတယ်။ အဲဒီအတွက် အမှန်တရားနဲ့ ဝေးသွားနိုင်ပါတယ်။ အနုပညာအားကောင်းမကောင်းဆိုတာထက် ကိုယ့်ကဗျာကို အကောင်းဆုံးဖြစ်အောင်တော့ အားထုတ်ပါတယ်။

## ယင်ကောင်နဲ့ အင်တာဗျူး

အယ်ဒီတာ ကျွန်တော်တို့မဂ္ဂဇင်းရဲ့ စာမျက်နှာအခက်အခဲနဲ့ အချိန်ကြောင့် လိုရင်းပဲမေးတော့မယ်ဗျာ။

ယင်ကောင် ခင်ဗျားက လိုရင်းဆိုတော့ ကျွန်တော်က တိုရှင်းပေါ့ဗျာ။

တာ ခင်ဗျား ပုံခဲ့သမျှ အမှိုက်ပုံထဲ ဘယ်ခေတ်ကို အကြိုက်ဆုံးလဲ။

ယင် ခေတ်တွေ စနစ်တွေနဲ့ပြောမယ့်အစား နှစ်တွေနဲ့ ပြောရရင် နှစ်ဆယ်ရာစုရဲ့ နောက်ဆုံးဆယ်စုနှစ်ခုဟာ ကျွန်တော်တို့ အကြိုက်ဆုံး မစင်တွင်းတွေပေါ့၊ အအီဆုံးနဲ့ အညှီဆုံးပါပဲ။

mgyoe.com

mgyoe.com


တာ ကိုယင်ကောင် ဘယ်လိုအနံ့အသက်တွေကို အကြိုက်ဆုံးလဲဗျ။

ယင် အာဏာကို ကာဘာလုပ်ထားတဲ့ အနံ့အသက်ဟာ အတော်ကို ယဥ်တယ်ဗျ။ အထဲမှာတော့ ရှယ်ပဲဗျာ။ ကျွန်တော်တို့ အကြိုက်ဆုံး ရနံ့တွေပေါ့။

တာ ဘယ်လိုအရသာတွေကိုများ နှစ်သက်ပါသလဲ။

ယင် ဟာ... အရသာထဲမှာတော့ ပုပ်၊ အီ၊ ပျော်ကျနေတဲ့ အကျင့်ပျက်ခြစားအသားဟာ အတော်ကို အရသာရှိတယ်ဗျာ။ မျိုးဆက်ပြန့်ပွားလို့လည်း အင်မတန်ကောင်းတာပေါ့။

တာ မျိုးဆက်ပြန့်ဆိုလို့ အဲဒီကာလမှာ ယင်ကောင်တွေ အတော်ပေါတယ်နော်။

ယင် ဟုတ်ပဗျာ ဟုတ်ပ၊ အဲဒီကာလက ကျွန်တော်တို့ ယင်ကောင်တွေရဲ့ ရွှေခေတ်ကြီးပေါ့။ ကျွန်တော်တို့မျိုးဆက် လောက်ကောင်လေးတွေများ မစင်ဘင်ပုပ်တွေကြား တဖွားဖွားပေါ့။ မိုးမမြင် လေမမြင်ပေါ့။ အခုတော့ ယင်ကောင်ကြီးတွေ ဖြစ်နေပြီပေါ့ဗျာ။

တာ ခင်ဗျားတို့အမှိုက်ပုံရဲ့ Color က ဘာလဲ။

ယင် ရှေ့က Color က For You၊ နောက်က Color က Not For Use ပေါ့။

တာ ကိုယင်ကောင်တို့ရဲ့ အမှိုက်ပုံရွှေခေတ် အမှတ်ရချက်လေး နည်းနည်းပြောပေးနိုင်မလား။

ယင် အမှတ်ရချက်ကလည်း မစင်ပုံးထဲ အစာလုရင်း အသက်စွန့်၊ ဘဝစွန့်သွားရတဲ့ သူရဲကောင်း ယင်ကောင်တွေကို သတိရမိတယ်ဗျ။ ပြောရရင်တော့ အများကြီးပေါ့။

mgyoe.com

mgyoe.com


တာ မျိုးဆက်သစ် ယင်ကောင်တွေကို ဘာများပြောချင်ပါသလဲ။

ယင် သူတို့ခေတ်က နည်းပညာခေတ်ဆိုတော့ သိပ်မပြောချင်တော့ပါဘူး။ တချို့ယင်ကောင်တွေ အတော်ယဉ်ကျေးလာပြီပဲ။ ယင်ကောင်တစ်ခေတ်ဆန်းသစ်လာပါစေပေါ့ဗျာ။

တာ ဘုရား… ဘုရား… ဘုရား။

❐

mgyoe.com

mgyoe.com





ဆရာမျိုး နှင့်
စကားစမြည်

mgyoe.com

mgyoe.com

## နေမျိုးနှင့် စကားစမြည်

မေး။ ကဗျာဆရာဘဝမွေးဖွားသန့်စင်လာပုံကို ပြောပြပေးပါ။

ဖြေ။ စင်စစ်တော့ ကျွန်တော်ဟာ ကဗျာရေးသူတစ်ယောက်အဖြစ် မရောက်ရှိလာမီက ကဗျာဖတ်ရှုရခြင်းကို နှစ်သက်ခဲ့သူတစ်ယောက်ပါ။ ကဗျာဆိုရာမှာ မူလတန်းကျောင်းသားကလေးတစ်ယောက်ရဲ့ အသိကို သက်ဝင်လှုပ်ရှားလာစေတဲ့ အရေးအသားတွေကိုလည်း ထည့်သွင်းပြောပြချင်တယ်ဗျာ။ အထူးသဖြင့် မူလတန်းဖတ်စာတွေပေါ့။ အခုပြန်ပြီးစဉ်းစားကြည့်တော့ မြန်မာစာလုံးထုံးကို လေ့လာသိရှိနိုင်ဖို့ သင်ခန်းစာအဖြစ် ရေးသားထားတဲ့ စာသားတွေမှာ အသံဖွဲ့စည်းပုံစနစ်က ကောင်းမွန်နေပြီး ဖတ်ရှုရာမှာလည်း အနက်အဓိပ္ပာယ်က သိသာထင်ရှားစွာမြင်တွေ့နိုင်တာကြောင့် နှစ်သက်စွာ ဖတ်ရှုခဲ့ရတာကို တွေ့ရပါတယ်။

ဥပမာ–

နေဝင်ရီတရောအချိန်ကျပြီ
လေပြည်လေညင်းလာနေ၏

mgyoe.com

mgyoe.com

ချောင်းရေတသွင်သွင်စီးနေသည်
ကျွဲ၊ နွားများလည်း ရွာသို့ပြန်လာကြပြီ
ရှုခင်းသာယာလှပေစွ။

ဒီအရေးအသားဟာ မြန်မာစာရေးထုံးကို နားလည်သိရှိစေရုံသာမက ကျေးလက်သဘာဝ ရှုမျှော်ခင်းတစ်ခုကို ထိတွေ့မြင်ယောင်စေခဲ့တယ်လေ။

ဘယ်ကလာသလဲ
ဘယ်နယ်ကလဲ
အလယ်ကလူ စကားဝဲ၏။

ဒီအရေးအသားကျတော့ လူမှုဘဝထဲမှာ တစ်နယ်သားတွေ၊ လူမျိုးစုတွေရှိနေတယ်။ အချင်းချင်းချစ်ချစ်ခင်ခင် နေထိုင်ကြတယ်ဆိုတဲ့ အသိ မူလတန်းကျောင်းသားကလေးတစ်ယောက်ကို သိလာစေတယ်လို့ ဆိုပါရစေ။

နောက်တစ်ခုက

သားငါး အသီးစားတော်ပဲ
စားချင်သဖွယ် ပြင်ဆင်ကွယ်
ယင်းလည်းမနား ပူပူစား
ရောဂါဘယကင်းရှင်းစွတဲ့။

ဒီအရေးအသားမှာတော့ အစားအသောက်၊ အနေအထိုင်၊ လူမှုဘဝပုံစံနဲ့ ကျန်းမာမှုကို ဟန်ချက်ညီအောင် ထိန်းညှိပေးထားတယ်ဗျ။ မူလတန်းကျောင်းသားကလေးတစ်ယောက်အနေနဲ့တော့ ဒီလောက်ထိတော့သိချင်မှ သိမှာပေါ့ဗျာ။ ဒါပေမဲ့ အစားအသောက်နဲ့ ကျန်းမာမှုကိုသတိပြုမိစေတာတော့အမှန်ပဲဗျ။

နောက်တစ်ခုရှိသေးတယ်ဆရာ။

မိုးစင်စင်လင်းပြီ
ပျင်းမနေရ
သတင်းစာနေ့စဉ်ကြည့်ပါ
သတင်းထူးပါလျှင်ပြောပါတဲ့။

mgyoe.com

mgyoe.com


ဒီသင်ခန်းစာအရေးအသားကျတော့ စာဖတ်ခြင်းအလေ့အထနဲ့ နေ့စဉ်လူမှုဘဝကို စိတ်ဝင်စားစေအောင် ပျိုးထောင်ပေးတဲ့အရေးအသားလို့ ဆိုချင်သဗျာ။ ဘာပဲဖြစ်ဖြစ်လေ ဆရာ့မေးခွန်းထဲမှာပါတဲ့ ကဗျာရေးသူတစ်ယောက်မဖြစ်မီ ပိုးတုံးလုံးဘဝက အတွေ့အကြုံတွေကို ပြောရင်ရနိုင်ပါတယ်ဆရာ။ ကျွန်တော်တို့လေ့ကျက်ရွတ်အံခဲ့ရတဲ့ မူလတန်းဖတ်စာတွေရဲ့ အကျိုးကျေးဇူးကို ကျွန်တော်ကောင်းစွာရရှိခဲ့ပါတယ်လို့လည်း ပြောပါရစေ။

မြသားငယ်တဲ့ရေယမုန်
ငွေလှိုင်းတွေဖြူစွာနှင့်
မြစ်ဧရာနဒီကြောမှာ
မျှောကြဒိုက်ပုံ
ကျူဝါးရုံတူစုံကွဲ့ဖော်နှော
ဘုံမတီးရယ်နဲ့ ငှက်ကြီးရွှေဝန်ပိုတို့
ဝဲခိုလို့မျော။

ဒီကဗျာကလေးက ရှေ့ရေးကဗျာတစ်ပုဒ်ဖြစ်ပြီး ကျွန်တော်တို့မူလတန်းမှာ သင်အံရွတ်ဆိုခဲ့ရတဲ့ ကဗျာလေးတစ်ပုဒ်ပါပဲဆရာ။ ကာရန်စနစ်နဲ့ ရေးဖွဲ့ထားပြီး အနက်အဓိပ္ပာယ်ကလည်း ကြည်နူးလွမ်းမောဖွယ်ရာအတိပါပဲ။ ကျွန်တော်ဖြင့် ကျောင်းစာသင်ခန်းထဲမှာ ဒီလိုကဗျာတွေကြောင့် ပျော်မွေ့ခဲ့ရတယ်လို့ဆိုပါရစေ။

တောင်တောရယ်သာ
မာလာကင်ပွန်း
တစ်ပင်ကိုနှစ်ပင်ယှက်တယ်
ကျေးငှက်တို့မြူး။

ဆရာရယ် ဒီလိုကဗျာတွေက ကျောင်းစာသင်ခန်းရဲ့ ပြင်ပကမ္ဘာလောကကြီးရဲ့ နက်ရှိုင်းတဲ့နေရာတွေဆီကို၊ သဘာဝရေမြေတောတောင်တွေရှိရာဆီကို ရောက်ရှိသွားခဲ့တယ်လေ။ နောက် ကျွန်တော်အတန်းနည်းနည်းရလာတော့ ဒီလိုကဗျာတွေ ဖတ်နေပြီဆရာ။

မနေလိုသည်

mgyoe.com

mgyoe.com

သူ့ကိုဖူးမြင်နေရ၍
မသေလိုသည်
သူ့ကိုဖူးမြင်နေရ၍
နေမှုသေမှု ဤနှစ်ခုကို
ယခုထက်တိုင်
မဖြတ်နိုင်သည်
မပိုင်ပန်းကပွင့်လေ၍တဲ့။

ဆရာပျဉ်းမနားမောင်နီသင်းရဲ့ကဗျာပါ။ ကျွန်တော်ဒီလိုကဗျာတွေကို ရှာဖွေဖတ်ရှုခံစားတတ်နေခဲ့ပြီဆရာ။ နောက်တစ်ခု ကျွန်တော့်ကို တုန်လှုပ်စေတဲ့ကဗျာ ဆရာမောင်သာနိုး ဘာသာပြန်တဲ့ 'ထင်းရှူးပင်ရိပ်' ထဲက ကဗျာတစ်ပုဒ်ပါ။ အဲဒီအထဲက တစ်ပိုဒ်ကို ကျွန်တော် ခုထိမှတ်မိနေဆဲပဲ။ ရွတ်ဆိုပြပါရစေဆရာ။

ချောက်ကမ်းပါးစွန်းမှာ ငါတို့ရပ်နေကြတယ်
ငါတို့ပျံစရာ အတောင်ပံကလည်းမပါ
လက်နက်ပဲချရမလား သူပုန်ပဲထရမလားတဲ့။

ဒီကဗျာက ကျွန်တော့်ကို မိုးကြိုးပစ်ချလိုက်သလိုပါပဲ။ ကဗျာထဲက အရေးအသားထဲကို ကျွန်တော်ရောက်သွားတယ်ဆရာ။ တုန်လှုပ်စရာပါပဲ။ အံ့ဩစရာကောင်းတာက ကဗျာက ကျွန်တော့်ကို တုန်လှုပ်စေပေမဲ့ နှစ်သက်နေမိတာပဲဆရာ။ ဒါဟာ ကျွန်တော့်ရဲ့ကဗျာရေးသူဘဝဖြတ်သန်းမှုမှာ ပိုးတုံးလုံးကနေ ဖိုးဖလံအဖြစ် ကူးပြောင်းရောက်ရှိစေခဲ့တယ်ဆရာ။ ကဗျာတွေကို ဖတ်ရှုခံစားပြီး ကျယ်ပြန့်တဲ့လွင်ပြင်ကြီးတစ်ခုထဲကို ရောက်ရှိသွားခဲ့ပါတယ်။ အဲဒီအချိန်ဟာ ကျွန်တော် ကဗျာစတင်ရေးသားဖို့ ကြိုးစားလာတဲ့အချိန်ပါပဲ။

mgyoe.com

mgyoe.com


**မေး။ ဆရာ့ကဗျာတွေမှာ တိရစ္ဆာန်တွေရဲ့ကဗျာလို့ ပြောရမယ့် ဝံပုလွေ၊ ဝက်သိုးကြီး၊ နွားမကြီးစတဲ့ ကဗျာတွေ တွေ့ရတယ်။ အဲဒီကဗျာတွေ ရေးဖွဲ့ဖြစ်ပုံကို ပြောပြပေးပါဦး။**

ဖြေ။ မှန်ပါတယ်။ ရည်ရွယ်ရင်းတိတိကျကျမရှိဘဲ အဲဒီလိုတိရစ္ဆာန်အကြောင်း ကဗျာတွေကို ကျွန်တော်ရေးဖြစ်သွားပါတယ်။ အဲဒီအထဲက ကဗျာဆရာဝံပုလွေကို ရေးဖြစ်ခဲ့စဉ်က ကျွန်တော့်တူမလေး ကေသွယ်ကျော်ကို ချီပိုးချော့သိပ်ရင်း ကဗျာရေးဖို့ စိတ်ကူးရလာတာပါပဲ ဆရာ။ ကဗျာရေးဖို့စတင်စိတ်ကူးမိစဉ်ကတော့ ဝံပုလွေကို အမှောင်ဘက်ခြမ်းသင်္ကေတတစ်ခုအဖြစ်နဲ့ သုံးပြီးရေးဖို့ စိတ်ကူးခဲ့တာပါ ဆရာ။ ရည်ရွယ်ရင်းက "သူများမကောင်းကြံ ကိုယ်ဘေးဒဏ်ထိ" ဆိုတဲ့ နီတိဆန်ဆန်မျိုးပါ။ အဲဒီတုန်းက ကျွန်တော်တို့မိသားစုနေထိုင်တဲ့ မန္တလေးမြို့၊ တမ္ပဝတီ၊ ပြည်တော်သာရပ်က နှစ်ထပ်အိမ်ကလေးရဲ့အပေါ်ထပ်မှာ တူမကလေးကို ချီပိုးချော့သိပ်ရင်း ကဗျာကခေါင်းထဲမှာ အစအဆုံးရောက်လာတယ်။ ဒါပေမဲ့ ကဗျာကို တကယ်ချရေးလိုက်တဲ့အခါ ဝံပုလွေဟာ ကြိုတင်စိတ်ကူးထားသလို အရိုင်းမဟုတ်ဘဲ ယဉ်ကျေးတဲ့၊ စိတ်ကောင်းရှိတဲ့ ပုံစံကိုရေးဖြစ်သွားတယ် ဆရာရေ။ ကဗျာထဲကိုရောက်ရှိလာတဲ့ အင်အားသက်ရောက်မှုအလင်းရောင်ကြောင့် ဒီလိုရေးဖြစ်ခဲ့တယ်လို့ဆိုပါရစေ။ နွားမကြီးအကြောင်းဖွဲ့ခေတ်ပေါ်ကဗျာရေးဖြစ်ခဲ့ပုံကတော့ အဲဒီကဗျာမရေးခင်နှစ်အတော်ကြာကြာကတည်းက 'ရေးမှာ့စ်ဟောနီ' ရဲ့ "ဇိုးနဲ့နွားမ" ဆိုတဲ့ကဗျာကို ကျွန်တော်ဖတ်ခဲ့ရတယ်။ ဆရာမောင်သာနိုးက ဘာသာပြန်ပြီး ကဗျာရော ဆောင်းပါးပါ ရုပ်ရှင်တေးကဗျာမှာ ရေးခဲ့တာပါ။ အဲဒီရေးမှာ့စ်ဟောနီရဲ့ ကဗျာကို ဖတ်ရကတည်းက ကျွန်တော်နှစ်သက်ခဲ့ပါတယ်။ နိုင်ငံရပ်ခြားတိုင်းတစ်ပါးက ကဗျာတစ်ပုဒ်ဖြစ်ပေမဲ့ ကျွန်တော်တို့မြန်မာကဗျာဖတ်သူတွေကို အလွယ်တကူခံစားလို့ရအောင်၊ ခံတွင်းတွေ့အောင် နှစ်သက်မိစေတဲ့ကဗျာပါ။ အလားတူပဲ ကျွန်တော်ဟာ နွားမကြီးကဗျာကို မရေးဖွဲ့မီကပင် ငယ်စဉ်က မန္တလေးမြို့ မြောက်ပြင်သူရဲတပ်ရပ်က ဘုန်းတော်ကြီး ဦးပဏ္ဍိတရဲ့ ပန်းစုံ

mgyoe.com

mgyoe.com


ကျောင်းမှာနေခဲ့ရစဉ် ကျွန်တော်တို့ရဲ့ငယ်ဆရာဘုန်းတော်ကြီး ဦးပဏ္ဍိတက လယ်တီဆရာတော်ဘုရားကြီးရဲ့ နွားမေတ္တာစာကို သင်ကြားပေးခဲ့ပါတယ်။ နွားမေတ္တာစာကို အစအဆုံးအလွတ်ရအောင် နေ့စဉ်ဆက်တိုက် အာဂုံဆောင်စေခဲ့ပါတယ်။ အဲဒီလယ်တီဆရာတော်ဘုရားကြီးရဲ့ နွားမေတ္တာစာထဲမှာ အလွန်အသက်ဝင်တဲ့ အရေးအဖွဲ့တွေပါရှိပါတယ်။ အဲဒါကတော့ အံ့ဖွယ်ကောင်းတဲ့ အာရုံဝင်စားမှုပါပဲ။ ဆရာတော်ကြီးဟာ နွားကြီးတစ်ကောင်နေရာမှာ ဝင်ရောက်ပြီး ကဗျာကို ရေးဖွဲ့ခဲ့တာပါ။ နွားကြီးကစားသားတွေ ပြောပြနေသလို ကဗျာကို ရေးဖွဲ့ခဲ့တာပါ။ ကျွန်တော်နည်းနည်းရွတ်ဆိုပြပါရစေ။

ဘူးသီးနှင့် ကြုံလိုကြုံ
ဖရုံနှင့်ညားလိုညား
သခွားနှင့်တွဲလိုတွဲ
ချိုတနဲ (တစ်နည်း) ချဉ်တစ်တွေတို့ဖြစ်ပုံအနေနှယ်
သေစဉ်လည်းလတ်တလော
ရှာစဉ်လည်ဖတ်ဖတ်မော
ဟောဒုက္ခတဲ့။

အဓိပ္ပာယ်ကို ကျွန်တော် အခုမဖွင့်ချင်သေးဘူး။ ကဗျာကို ရွတ်ဆိုပြချင်သေးတယ်။

ထက်ကာရိယခင် ချေသမင်တောသား
တိရစ္ဆာန်စရိုက် တို့ဘာသာတစ်သိုက်
အလိုက်မှားနေခဲ့ကြလျှင် အိပ်ချင်အိပ် စားချင်စား
သွားချင်သွား ကချင်က အပုံကြီးချမ်းသာမည်
ယခုမှလားလား အဓမ္မလူသားမှန်
စီးပွားတူချမ်းသာဖက် ခိုမိသည်အတွက်ကြောင့်
တကက်ကြီးအကုန်မှားငါးပါးမှောက်ခြောက်ပါးမှောက်
မှားသလောက်မပြောသာ အသက်မှာရှိဝဉ်လည်း
မရှိအောင်စေစား တို့ကိုက်ကောင်အသားကို
ဟင်းစားပေါလတ်ရှဲလုပ် ဘယ်ဒင်းက ဟုတ်သေးတုန်း

mgyoe.com

mgyoe.com

ယုတ်မာသည်ဖြစ်လား သည်လောက်တောင်ရိုင်းကြသည့်

လူသားကို လက်ထဲတွင် ဖွဲ့ပြောင်ရိုးမျက်ရည်

စားသုံး၍နေသည်တက် တောကျားတွေပါးစပ်မှာ

ခေါင်းဖြတ်၍သေရခြင်းသည် အလွန်အမင်းမြတ်သေးတဲ့ဗျာ။

ကြည့်ပါဦးဆရာ ဆရာတော်ကြီးရဲ့ အရေးအသားဟာ အံ့မခန်း ကြက်သီးထမှာပါပဲ။ အထက်မှာ ကျွန်တော်ဆိုခဲ့တဲ့စာပိုဒ်ဟာ အကြိုက်တွေကိုဖော်ပြီး ဘူး၊ ဖရုံ၊ သခွားတွေနဲ့ ရောနှောချက်ပြုတ် ကြတော့ ပြောတာလေဆရာ။ အလွန်ထိချက်ပြင်းတဲ့ ရေးဖွဲ့မှုတစ်ခု ရှိသေးတယ်။ ဆရာရဲ့ အဲဒါကလည်း ဆရာတော်ကြီးက နွားကြီး တစ်ကောင်နေရာမှာ ဝင်ရောက်ပြီး ပြောပြနေဟန်နဲ့ ရေးသားတာ ပါပဲ။ ကျွန်တော် ရွတ်ဆိုပြပါရစေ။

တို့လုပ်သည့်ထမင်းကို တို့ဟင်းလျာအသားနှင့်

စားကြသည်ဖြစ်နဲကို တို့အသည်းနာလိုက်တယ်တဲ့။

ကဲဗျာ၊ ဒီကဗျာအကြောင်းပြောရင် ကျွန်တော့်ဆိုလိုရင်းကို ဆားချော် မသွားစေချင်ဘူး။ ကျွန်တော်က အမဲသား မစားဖို့ စည်းရုံးနေတာ မဟုတ်၊ အမဲသားကို ကြိုက်နှစ်သက်သူများသာ စားသုံးနိုင်ပါတယ်။ ကျွန်တော့်ဆိုလိုရင်းဟာ နွားကြီးတွေအပေါ်မှာ ရှိခဲ့တဲ့ ကျွန်တော့်ရဲ့ ကနဦးခံစားဖို့ပြောပြလိုခြင်းပါ။ ကျွန်တော်ဟာ ငယ်စဉ်ကပင် နွားကြီး တွေကို ချစ်ခင်ခဲ့တယ်။ နွားကြီးတွေကို ချစ်ခင်အောင် အဖေက သွန်သင် ညွှန်ပြခဲ့တယ်ဆရာ။ ကျွန်တော်တို့အဖေက ဆိုင်းဆရာ။ ဆိုင်းဆရာ ဆိုတော့ဗျာ တူရိယာပစ္စည်းတွေကို တီးမှုတ်ပြီး အသက်မွေး ဝမ်းကျောင်းပြုရတယ်လေ။ မြန်မာ့ဆိုင်းရဲ့တူရိယာပစ္စည်းတွေက အများစုက နွားသားရေနဲ့ ပြုလုပ်ထားတာတွေပဲဗျာ။ ဒီတော့ ကျွန်တော် တို့အဖေက အမြဲပြောလေ့ရှိတယ်။ နွားတွေကို အစဉ်အမြဲ သတိရနေ ဖို့၊ အမဲသားရှောင်ဖို့ပေါ့။ အဲဒီခံစားမှုက ကျွန်တော့်မှာရှိတယ် ဆရာ။ အဲဒီခံစားမှုနဲ့ ကျွန်တော် ရေးဖြစ်ခဲ့တာပါ။ နွားမကြီးကဗျာကိုလေ။ ကျွန်တော်တို့ ငယ်စဉ်ကတည်းက အမဲသားရှောင်ခဲ့ပါတယ်။ ဒါပေမဲ့ တစ်ခုတော့ ဝန်ခံဖို့ရှိတယ်ဆရာ။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော်

mgyoe.com

mgyoe.com

တို့ငယ်ငယ်က ဘကြီးကမွေးတဲ့ နွားမကြီးက သားကျတော့ နွားကလေး နဲ့အတူ ထွက်လာတဲ့ နွားမကြီးရဲ့အချင်းကို ရေဆေးဆူဆူမှာ ပြုတ်၊ ကတ်ကြေးနဲ့မွှာနေအောင် ညှပ်၊ သံပရာသီးနဲ့ နံနံပင်နဲ့ သုပ်ပြီး ဘကြီးက ကျွန်တော်တို့ကို ကျွေးခဲ့တယ် ဆရာ။ မင်းတို့ စားရမယ်။ မင်းတို့နဲ့ တည့်တယ်တဲ့လေ။ ကျွန်တော်ငယ်စဉ်က နွားမကြီးရဲ့ အချင်းသုပ်ကို စားခဲ့ရဖူးပါတယ်ဆရာ။ ဒါပေမဲ့ အမဲသားကိုတော့ တောက်လျှောက်ရှောင်နိုင်ခဲ့ပါတယ်ဆရာ။ စကားကိုပြန်ဆက် ရရင် နွားကြီးတွေအပေါ်မှာရှိတဲ့ ချစ်ခြင်းနဲ့ အဲဒီကဗျာကို ရေးဖြစ်ခဲ့တာပါ။

ပြီးတော့ ဝက်သိုးကြီးကဗျာရေးဖြစ်ပုံလည်း ပြောပြပါမယ်။ ဝက်သိုးကြီးကဗျာကတော့ ကျွန်တော်တို့မိသားစုလက်ရှိနေထိုင်တဲ့ မန္တလေးမြောက်ပြင်ရဲ့ မြောက်ဘက်ယွန်းယွန်းမြို့ရဲ့ နယ်နိမိတ်အဆုံး မှာ တာရိုးကြီးရှိပါတယ်။ အဲဒီတာရိုးရဲ့တစ်ဖက်မှာ ကံသစ်ကုန်းအစ ရှိတဲ့ ရွာတွေရှိပါတယ်။ ဝါဆိုဝါခေါင်လကို မိုးတွင်းဧရာဝတီမြစ်ရေ ကြီးတဲ့အခါ အဲဒီတာရိုးဘေးမှာရှိတဲ့ ရွာစဉ်ကို ရေတွေဝင်တယ် ဆရာ။ ရေကြီးချိန်ဆို နှစ်စဉ် ရေလွှမ်းတဲ့ကျေးရွာတွေပါ။ ရေကြီး ချိန်ဆို တာရိုးဘက်ကို ကျွန်တော်သွားသွားကြည့်လေ့ရှိတယ်။ အဲဒီ ကျေးရွာတွေက မိသားစုအချို့၊ ကျွဲ၊ နွား၊ ဝက်တွေဟာ တာရိုးဘေး မှာ ဖြစ်သလိုတဲထိုးပြီး ရေကြီးချိန်ကာလတစ်လျှောက်လုံးမှာ နေထိုင် ကြရပါတယ်။ အဲဒီတာရိုးဘေးမှာ ဖြစ်ကတတ်ဆန်းထားတဲ့ ဝက်ခြံ ထဲကဝက်ကြီးတစ်ကောင်ကို ကျွန်တော်မြင်တွေ့ပြီး ရေးဖြစ်ခဲ့တာပါ။ ဝက်ခြံထဲမှာ ရွှံ့တွေနဲ့ အစာခွက်က စားလက်စတန်းလန်း၊ ဝက်ကြီး ဟာ အစာခွက်ကို ဘေးထားပြီး ရွှံ့ထဲခေါင်းထိုးလို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာလေ။ အမြီးကရွှံ့တွေနဲ့ခဲလို့။ ကျွန်တော် အဲဒီမြင်ကွင်း ကို တွေ့ရပြီး ကဗျာရေးချင်စိတ်ဖြစ်လာတယ်။ ဒါပေမဲ့ ချက်ချင်းမရေး ဖြစ်ခဲ့ဘူး။ အကြောင်းအရာက ခေါင်းထဲမှာရောက်နေပြီ။ တစ်နေ့ ကျွန်တော် ရန်ကုန်မြို့ကို အလုပ်ကိစ္စနဲ့ ခရီးသွားတဲ့အခိုက်ဘားလမ်း ထဲက တည်းခိုခန်းတစ်ခုမှာတည်းရင်း အေးအေးလူလူစိတ်နည်းနည်း ပါတဲ့အခိုက် အဲဒီအကြောင်းအရာက ခေါင်းထဲမှာ ဖျတ်ခနဲဖျတ်ခနဲ

mgyoe.com

ဖြစ်နေပြီး တည်းခိုခန်းထဲမှာပဲ ရေးဖြစ်ခဲ့တာပါဆရာ။ အဲဒါ ဝက်သိုးကြီးပေါ့။

**မေး။ ဆရာရေးတဲ့စာတွေထဲမှာ ဆရာ့ဇနီးမဝင်းမေကို သတိတရနဲ့ ထည့်ထည့်ပြီး ရေးလေ့ရှိတယ်နော်။ အဲဒီရေးတဲ့ကဗျာတွေထဲက မဝင်းမေ အကြောင်းရေးတဲ့ကဗျာကို ပိုပြီးခံစားရတယ်ဗျာ။ ကိုနေမျိုးဘက်က သဘောထားကို တုံ့ပြန်ပေးပါ။**

ဖြေ။ ကျွန်တော့်ဘက်က ဘာမှတုံ့ပြန်ဖို့ မရှိပါဘူး။ မဝင်းမေဟာ ကျွန်တော့် ဘဝတစ်ခုလုံးရဲ့ တစ်ဝက်ပါ။ သူမရှိတော့တဲ့အချိန်တွေဟာ တစ်ခြမ်းပဲ့ဘဝပါပဲဆရာ။ သူဟာ ကျွန်တော့်ကို ဘာမျှော်လင့်ချက်မျှ မထားမရှိဘဲ ချစ်မြတ်နိုးခဲ့သူပါ။ သူနေတဲ့အိမ်ကို ကျွန်တော်တို့မိသားစု အိမ်ငှားအဖြစ်နဲ့နေကြတယ်။ နောင်အခါမှာ သူဟာ ကျွန်တော့်ဇနီး ဖြစ်လာတယ်။ သူဟာ သူ့ဘဝတစ်ခုလုံး ကျွန်တော့်ကိုပေးခဲ့တယ်။ ဒီအကြောင်းတွေ ကျွန်တော်ပြောပြချင်နေတာ ကြာပါပြီ။ အခုဆရာက မေးလာတော့ ကျွန်တော်ပြောပြပါ့မယ်။ မဝင်းမေဟာ ရှမ်းတိုင်းရင်းသူတစ်ယောက်၊ နမ့်ခမ်းမြို့ဇာတိ၊ မန္တလေးမြို့မှာကြီးပြင်းသူ၊ သူ့အိမ်မှာ ကျွန်တော်တို့ကနေကြပြီး အိမ်လခမပေးနိုင်တဲ့လတွေဆို အိမ်လခမရသေးလည်း ငြိုငြင်မှုမရှိဘူး။ အိမ်လခမပေးနိုင်တဲ့အပြင် အိမ်ကအသုံးလိုလို့သူ့ဆီက ပိုက်ဆံချေးရင်တောင် ထုတ်ပေးတတ်သူပါ။ နောင်အခါသူဟာ ကျွန်တော့်ဇနီးဖြစ်လာတော့လည်း ကျွန်တော့်ဘက်မှာ အမြဲရှိနေခဲ့တယ်။ အမှတ်တရလေးတွေ ပြောချင်တယ်ဆရာ။ နားထောင်ပေးပါ။ တစ်ရက်မှာ ကျွန်တော့်လက်ကို ညှောင့်စူးတယ်။ လက်ချောင်းထိပ်မှာဆိုတော့ အသည်းခိုက်အောင် နာပါတယ်ဆရာ။ ဒါကို သူက ကျွန်တော့်လက်ချောင်းကလေးကို ယူပြီး သူ့အပ်ချည်ဘူးထဲက အပ်ကလေးနဲ့ ညှောင့်ကိုထွင်ပေးပါတယ်။ လက်ချောင်းထိပ်က ညှောင့်ကို သူ့အပ်နဲ့ထွင်းထုတ်လိုက်တော့ ထွက်သွားတယ်ဆရာ၊ စူးနေတာမရှိတော့ဘဲ သက်သာသွားတာပေါ့။ ကျွန်တော်ပြောချင်တာက အဲဒီသူ့ရဲ့အပ်နဲ့အပ်ချည်လုံး၊

mgyoe.com

mgyoe.com

သူ့အိပ်ခန်းထဲမှာချိတ်ထားတဲ့ မှန်နဲ့ဘီး၊ မီးဖိုချောင်ထဲက ဒန်အိုး၊ ဒယ်အိုး၊ ဆန်အိုး၊ ပန်းကန်ခွက်ယောက်၊ မီးဖို၊ သူစီးတဲ့မိကျောင်းစက်ဘီး၊ သူပတ်တဲ့ခရက်နာရီ၊ သူ့ခုတင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင် (စောင်က တရုတ်စောင်ကြီးတွေ)၊ တဘက်စောင် (တဘက်စောင်ကလည်း တရုတ်ကလာတာပါပဲ)၊ သူ့အနွေးထည်၊ သူဆောင်းရာသီဝတ်ဘောင်းဘီ၊ သူ့ဆွဲကြိုး၊ သူ့လက်ကောက် (အခေါက်ရွှေနဲ့လုပ်ထားတာ)၊ သူ့လက်စွပ်၊ သူ့နားကပ်၊ သူ့ဆွဲသီး၊ သူစုဆောင်းထားတဲ့ ပိုက်ဆံတွေ၊ သူ့အိမ်ရှေ့က စဉ့်အိုးကြီး၊ စဉ့်အိုးလေး၊ သူပိုင်ဆိုင်တဲ့နှစ်ထပ်အိမ်ကလေး၊ သူကိုးကွယ်တဲ့ ဘုရားစင် အဲဒါတွေအားလုံးကို ကျွန်တော့်အတွက် သူပေးဆပ်ခဲ့ပါတယ်။ ကျွန်တော်သုံးစွဲပစ်ခဲ့ပါတယ် ဆရာ။

အခုဆိုရင် သူနဲ့ကျွန်တော်အတူနေထိုင်ခဲ့ရာ၊ သားသမီးတွေပေါက်ဖွားခဲ့ရာ၊ ပျော်ရွှင်ကြည်နူးဖွယ် မိသားစုဘဝကလေးတည်ရှိခဲ့ရာ အိမ်ဂေဟာကို ကျွန်တော် စွန့်လွှတ်ခဲ့ရပါပြီ။ မိသားစုစားဝတ်နေရေး အခက်အခဲကြောင့် ရောင်းချခဲ့ရပါတယ်။ စီးပွားရေးကံက အဲဒီလိုပါဆရာ။ မအောင်မြင်မှုကို ပြောရတဲ့အခါ အရှက်တရားတွေလည်း ပါလာပါတယ်။ ကျွန်တော်ရှက်တတ်ပါတယ် ဆရာ။ ကျွန်တော်က သူ့ကို အစ်မ မဝင်းမေလို့ခေါ်တယ်။ သူက ကျွန်တော့်ကို အကြွင်းမဲ့ ချစ်ခြင်းနဲ့ချစ်ခဲ့တာပါဆရာ။ ကျွန်တော်ဟာ အစ်မမဝင်းမေကြောင့် ဘဝမှာလေးနက်ခဲ့ရ၊ ပျော်ရွှင်မှုတွေပိုင်ဆိုင်ခဲ့ရတာပါ။ သူနဲ့ကျွန်တော်ဟာ တစ်ဆက်တစ်စပ်တည်းပါ။ သူမရှိတော့ပေမဲ့ အခုဆို ဘဝမှာ ကျွန်တော်ကောင်းစွာရပ်တည်နေနိုင်ခဲ့ပါပြီ။ ကျွန်တော်ရေးသမျှ စာပေလက်ရာများမှာ သူရဲ့ပံ့ပိုးမှုက အမြဲပါရှိနေပါတယ်ဆရာ။

mgyoe.com

mgyoe.com


**မေး။ ယနေ့မြန်မာ ကဗျာမြင်ကွင်းအပေါ် ဘာများပြောစရာရှိပါသလဲ။**

ဖြေ။ ကျွန်တော်အများကြီး ပြောစရာမရှိပါဘူး။ ကျွန်တော်တို့ ကျင်လည်နေကြတဲ့ ခေတ်ကြီးဟာ အရမ်းနာကျင်နေပါတယ်။ ကဗျာဆရာတွေက အဲဒီနာကျင်မှုတွေကို ကဗျာထဲမှာ ထည့်သွင်းရေးဖွဲ့ကြတယ်။ အဲဒီအတွက်ကြောင့် ခေတ်ကြီးဟာ ပိုပြီးထပ်မံနာကျင်ရပြန်ပါတယ်။ ဒါက ကျွန်တော်ပြောပြီးသားစကားပါ။ ဒါကို ထပ်မံပြောပြခြင်းပါ။ ဒီအချက်ကို ကဗျာဆရာတွေ အလေးနက်ရှိစေချင်လို့ပါဆရာ။ ဒါပါပဲဆရာ ကျေးဇူးတင်ပါတယ်။

❑

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

# ဇော်လူစိမ်းနှင့် စကားစမြည်

မေး။ မြန်မာကဗျာသမိုင်း ခရီးတစ်လျှောက်လုံး ကဗျာရဲ့ ဝန်ဆောင်မှုတွေဟာ ကိုလိုနီခေတ်ကစပြီး မဆလခေတ်တစ်လျှောက်လုံး ပါဝင်လာတာမို့ ၂၀ ရာစုနှောင်းပိုင်း ကျောင်းသားအရေးတော်ပုံကနေ မွေးဖွားလာတဲ့ ဆရာတို့လို ကဗျာဆရာတွေဟာ ကဗျာ သန္ဓေတည်လာတာ အဓိပ္ပာယ်ရှိပါတယ်။ ဒီတော့ ဆရာ့ရဲ့ "ရှမ္မော်ခင်းဖြစ်တဲ့နေ့တုန်းက" ကဗျာမွေးဖွားလာပုံကို ပြောပြစေချင်ပါတယ်။ ၁၉၉၀ ပြည့်နှစ် ဩဂုတ်လထုတ် ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းမှာပါတဲ့ ကဗျာနော်။

ဖြေ။ ဟုတ်ကဲ့ ကျောင်းသားအရေးတော်ပုံကနေ ကျွန်တော်တို့စာပေကဗျာတွေလည်း ဆက်လက်ချီတက်လာခဲ့တာကတော့ မှန်ပါတယ်ဆရာ။ အာဏာရှင်တွေ တစ်နည်းအားဖြင့် ဗိုလ်ခင်ညွန့်အုပ်ချုပ်ထားခဲ့တဲ့၊ ဖျက်ဆီးထားခဲ့တဲ့ တက္ကသိုလ်ကျောင်းတွေထဲမှာ စာပေကဗျာငြိရတာကလည်း အန္တရာယ်ကြီးပါတယ်။ ဒါတွေက ကျွန်တော်တို့အချင်းချင်းကို ပိုပြီးစုစည်းစေတဲ့ ကော်ပါပဲ။ ကျောင်းထဲမှာ သူပုန်လိုလိုဘာလိုလို

mgyoe.com

mgyoe.com


အာဏာရှင်ဆန့်ကျင်ဝံ့တဲ့ကျောင်းသားတွေ အများစုက ဒါနဲ့ကျော ချင်းကပ်ထားကြတယ်ဆိုတော့ အာဏာပိုင်တွေက အန္တရာယ်ကောင် တွေလို့ သတ်မှတ်ထားကြသလို ကျွန်တော်တို့ စာပေကဗျာကလည်း ကျွန်တော်တို့အတွက် အန္တရာယ်ပါပဲ။ အဲဒီအရသာကို တပ်မက်ခဲ့ ကြတဲ့ ရမ္မက်ကလည်း နည်းနည်းမှမလျော့ဘူး။ အဲဒီကာလတွေတုန်း က ကျွန်တော်တို့ကျောင်းသားတွေရဲ့ နိုင်ငံရေးနိုးကြားမှုနောက်မှာ တခြား နိုင်ငံရေးဘက်ကင်အနေနဲ့ မရှိဘူး၊ ကျွန်တော်တို့နောင်တော် တွေမှန်သမျှ နံရံတွေထဲထိုးထည့်ခံထားရတုန်း။ အပြင်မှာလှုပ်မရတဲ့ အခြေအနေ။ နိုင်ငံရေးနဲ့ ကျောင်းသားလှုပ်ရှားမှုမှာ Gap ဖြစ်နေတဲ့၊ ဟနေတဲ့ကာလပေါ့။ အဲဒီအဟထဲကို ကျွန်တော်တို့မျိုးဆက်တွေ တိုးဝင်ရတော့တာပဲ။ ဒါကြောင့် အရင်ဆုံး စုစည်းမှုရခဲ့တာက ဒီစာပေ ကဗျာ ကနေစတင်တာ။ ဒီလိုဆိုတော့ စာပေနဲ့နိုင်ငံရေးကို ခွဲခြားရင် အဲဒီတုန်းက ဖိနှိပ်သူတွေကပဲလိုလားတဲ့ ကိစ္စသတ်သတ်ပဲ ဖြစ်လိမ့် မယ်။ အနုပညာသမားတွေဘက်က ခွဲခြားလာရင်လည်း အဲဒီခေတ် နိုင်ငံရေးနဲ့ နိစ္စဓူဝလူမှုဘဝတွေမှာ ကင်းကွာနေတဲ့ လူနည်းစုသာ ဖြစ်ပါလိမ့်မယ်။ ဒီတော့ ကျွန်တော်တို့ကဗျာနဲ့ နိုင်ငံရေးဟာ သီးခြား အဓိပ္ပာယ်မထွက်ပါဘူး။ ကိုယ့်ပင်မရေစီးပါပဲ။ တင်ပြပုံတင်ပြနည်း သာကွာမယ်။ ဖယောင်းစက္ကူတွေမှာ ကျွန်တော်တို့ကဗျာ၊ ကျွန်တော် တို့နိုင်ငံရေးမကင်းသလို ကျောင်းနံရံတွေပေါ်မှာလည်း ကျွန်တော်တို့ နိုင်ငံရေး၊ ကျွန်တော်တို့ကဗျာ မကင်းပါဘူးဆရာ။ ဒါကပဲ ကျွန်တော် တို့ခေတ်ရဲ့ဝေဒနာပေါ့။

အဲဒီကဗျာကတော့ အမှတ်မှားတာပဲဖြစ်မယ်။ "ရှုမျှော်ခင်းဖြစ် တဲ့နေ့တုန်းက" ဆိုတာက ကျွန်တော့်အစောပိုင်း ပုံနှိပ်ကဗျာပါ။ ရုပ်ရှင်တေးကဗျာက ဟုတ်ပါတယ်။ ဒါပေမဲ့ ၁၉၉၇ ခုနှစ် မေလ လောက်ကထင်ပါတယ်။ ကျွန်တော်တို့ ကျောင်းထဲမှာ အသည်း အသန်ရေးနေတဲ့ဟာနဲ့တော့ နည်းနည်းကွဲလွဲပါတယ်။ ပုံနှိပ်လောက က လုံးဝမလွတ်လပ်တဲ့ကာလလည်း ဖြစ်နေတာပါမယ်။ 'ဟော့ဟို ပင်လယ်တွင်းပေါင်းထဲ၊ အရိပ်တစ်ဝက်စာချွတ်ပစ်လိုက်၊ တိမ်တွေ

mgyoe.com

ကို နေလှန်း၊ စိတ်တွေကလည်း စွန်အသီးသီးလွှတ်ကြလို့ပေါ့' ဆိုတာ မျိုး အစချီထားတာ။ ၁၉၉၆ ဒီဇင်ဘာကျောင်းသားအရေးတော်ပုံ ဖြိုခွဲခံရပြီးနောက်ပိုင်း လူဖမ်းပွဲကြမ်းတော့ ကျွန်တော်တို့ကျောင်းသား အများစုက မြို့ကြီးတွေကနေလွင့်ပြီး ရှောင်တိမ်းကုန်ကြတာက အများစုဖြစ်သွားတယ်။ နောက်သုံးလလောက်ရှိတော့ အခြေအနေပြန် ငြိမ်သက်သွားတုန်း ပါမသွားတဲ့သူတွေ ပြန်စုမိကြတော့တာပဲ။ အဲဒီ ကာလမှာ ကိုယ်ရေစစ်သွားခဲ့ကြတယ်၊ ခံနိုင်ရည်လျော့သွားတဲ့သူတွေ နေခဲ့ကြ၊ ကျန်နေခဲ့ကြတော့တာပဲ။ ရှေ့ဆက်ချီတက်ကြဖို့ ကျန်နေတဲ့ ကျောင်းတော်သားတွေ တိုးဝင်ခဲ့ကြပါတယ်။ အဲဒီကနေ နောက်ထပ် လူဖမ်းပွဲ ၁၉၉၈ ကျောင်းသားလှုပ်ရှားမှုဆီဦးတည်သွားပြန်တာပဲ။ အဲဒါလေးက ၁၉၉၆ ဒီဇင်ဘာလှုပ်ရှားမှုကာလကို အမှတ်ရရင်း ရေး တာပါ။ အဲဒီတုန်းကရေးဟန်မှာ နိမိတ်ပုံကဲနေတာလေးတွေကကို အမှတ်ရနေဖြစ်တယ်။ အခု အရေးအသားတွေမှာတော့ နိမိတ်ပုံအ တော်ကြီးလျှော့ချထားမိလျက်သားကို ဖြစ်နေတာ။

မေး။ နောက် ဆရာ့ရဲ့ ကဗျာရပ်ဝန်းအပေါ် သဘောထားတွေကို ကဗျာ တွေမှာ တွေ့ရပါတယ်။ "ခင်ဗျားကဗျာ၊ ခင်ဗျားကဗျာ" နဲ့ "ကဗျာ မီးလောင်ပြီလား" ကဗျာတွေဆိုပါစို့။ ဆရာတို့က ကဗျာနောက်ကို သဲကြီးမဲကြီးလိုက်ခဲ့ လို့ပါ။

ဖြေ။ ဟုတ်ပါတယ်ဆရာ ခေတ်ပြိုင်ကဗျာအများစုဘက်ကနေ ပြောရရင် ကဗျာဟာ ဘယ်တော့မှမကျက်တော့မယ့် အနာကိုလျက်နေရတာပဲ။ သဘောတူချင်မှလည်း တူကြပါလိမ့်မယ်။ ကဗျာဆရာတွေရဲ့လူနေမှု ဘဝက သီးခြားဖြစ်စဉ်ဆိုတာမျိုး လက်ဆင့်ကမ်းဆက်ခံခဲ့တဲ့အမြင် ရှိကောင်းရှိမယ်။ အမှန်ကတော့ ကဗျာကို နားအလည်ဆုံးက ကဗျာ ဆရာဆိုတဲ့လူ့အဖွဲ့အစည်းအသေးလေးပဲ ဒေါင်ဒေါင်မြည်ရှိနေခဲ့ တာ။ ဒီတော့ ဒီလူတွေအချင်းချင်းပဲ ပိုဖွဲ့စည်းဖြစ်နေခဲ့တာက အဓိက ကျပါတယ်။ ကဗျာဆရာဟာ ကဗျာကိုငြိလိုက်ရတာကလည်း အဲဒီ လူ့အဖွဲ့အစည်းလေးနဲ့ပါ ငြိနေလိုက်ရတာပဲ။ ရှုပ်ထွေးလှတဲ့ လက်ရှိ

mgyoe.com

mgyoe.com


အခြေအနေမှာတော့ ကိုယ်ပိုင်ဘဝနဲ့ လူ့အဖွဲ့အစည်းဘဝပေါင်းပြီး ပြန်လှော်နေရတဲ့ ဝေဒနာရှိတယ်။ မျက်မှောက်ကာလက နားလည်ရ ရှုပ်ထွေးလွန်းလို့ ကဗျာတွေက အတိုက်အခံတွေ၊ အရွဲ့တွေလုပ်နေ ပေမဲ့လို့ ကဗျာတစ်ပုဒ်အတွက် ခဏာပန်းကျေနပ်မှုပဲရတယ်။ ပြီးရင် ထပ်ကာထပ်ကာဒီဖြစ်စဉ်က တိုင်ပတ်နေတော့မှာပဲ။ ဒါမကျက်တော့ မယ့် အနာလျက်နေရတာကို ပြောပါတယ်။ တခြားအာဏာရှင်လက် အောက်မှာရှိနေခဲ့တဲ့ ရှိနေသေးတဲ့နိုင်ငံတွေက ကဗျာတွေနဲ့လည်း ပြန်ယှဉ်ကြည့်နိုင်ပါတယ်။ survival of poetry ဆိုတာမျိုးပေါ့။ ခုထိလည်း ခေတ်ပေါ်ကဗျာ/ ခေတ်ပြိုင်ကဗျာဆိုတဲ့ကိစ္စမှာ ကျွန်တော် တို့ဆီကတက်လာပါတယ်ဆိုတဲ့ အစိုးရတွေ အသိအမှတ်ပြုထားတာ မျိုးမရှိဘူး။ ကဗျာဆရာတွေဘက်ကလည်း သူတို့အသိအမှတ်ပြုထား တာမျိုးမဟုတ်တဲ့ အစိုးရလို့တောင် ကျွန်တော်တို့က ပြန်ချေပချင် သေးတယ်။

ကျွန်တော်တို့ဘက်က ကဗျာနောက်ကိုသဲကြီးမဲကြီးလိုက်နေ ပုံဟာ မီဒီယာရေစီးနဲ့ရောထွေးနေရတယ်။ အဖြစ်အပျက်တွေ၊ အ ကြောင်းအရာတွေကို ကဗျာဆရာတွေရဲ့ တုံ့ပြန်မှုတွေကလည်း လျှော့ တွက်ထားလို့မရဘူး။ ကာတွန်းဆရာတွေ၊ တခြားမီဒီယာသမားတွေ နဲ့ တုံ့ပြန်ပုံချင်းမတူတာက ခံစားမှုဆိုတဲ့ သီးခြားလက်နက်ကိုကိုင် ထားနိုင်တာပဲ။ ဒါပေမဲ့ ကဗျာဆရာဟာ ဖြစ်ပျက်နေတဲ့သတင်း အချက်တွေပေါ်မှာမျောပြီးသာ လိုက်ရေးနေရရင်တော့ လမ်းချော်သွား မှာစိုးတယ်။ ပစ္စည်းများများထုတ်လို့ တန်ဖိုးကျသွားမယ်လို့တော့ မဆိုလိုဘူး။ ဒါပေမဲ့ ဂျာနယ်တွေ၊ သတင်းစာတွေမှာလို ဈေးကွက်မရှိ ဘဲနဲ့ ဘာလို့သဲကြီးမဲကြီး ရေးနေရတာလဲ။ ဒါတော့ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ပြောပါတယ်။ ကိုယ့်ဒုက္ခနဲ့ကိုယ်လို့။ ၂၀၁၁ လောက်တုန်းက ရှော့ခ်ရပြီး ကျွန်တော်အော်ခဲ့ပါတယ် 'ကဗျာမီး လောင်ပြီလား' လို့။ ဒုတိယကမ္ဘာစစ်မှာ နာဇီတွေ ပြင်သစ်ကိုတက် သိမ်းတော့ ဟစ်တလာက ဝမ်းသာအားရလှမ်းမေးလိုက်တာပါ Is Paris burning? ။ ကျွန်တော်ကတော့ သွေးလန့်ပြီး အော်လိုက်တာ။

mgyoe.com

mgyoe.com


အခုထိလည်း ရှော့ခ်ရနေဆဲပဲဆိုတော့ ထပ်ပြောရရင် မကျက်တော့မယ့် အနာလျက်နေရတုန်းပါပဲ။

မေး။ ယနေ့မြန်မာကဗျာဆရာတွေဟာ တိုင်းရေးပြည်ရေးနိုင်ငံ့အရေးတွေမှာ ရပ်တည်နေကြပါတယ်။ ပြည်တွင်းစစ်နဲ့ ငြိမ်းချမ်းရေးအပေါ် တုံ့ပြန်ရေးသားနေကြတဲ့ကဗျာတွေ ဖတ်ရှုခံစားသိမြင်ရပါတယ်။ ဆရာ့ရဲ့ "စစ်လျော်ကြေးအဖြစ်... ခေတ်အဆက်ဆက် ဒုက္ခသည်တွေရဲ့ ခုံရုံးမှာ... စစ်ကိုစီရင်ပါ... စစ်ကိုကွပ်မျက်ပါ" ဆိုတဲ့ "စစ်ဟာ ကခုန်နေတယ်" ကဗျာမှာ စစ်ကို ဥပဒေတွေအောက် အရောက်ပို့လိုက်တယ်လို့ ခံစားရပါတယ်။ ဆရာ့အနေနဲ့ရော ဘာပြောချင်ပါလဲ။

ဖြေ။ အခုနောက်ပိုင်း ကဗျာဆရာတွေ တာဝန်မပေးဘဲ တာဝန်ယူထားတဲ့အပိုင်းက အတော်လေးများပါတယ်။ အများကြီးထဲကမှ စစ်/ငြိမ်းချမ်းရေးဟာလည်း အပါအဝင်ပေါ့ဆရာ။ လိုင်းပေါ်မှာရော၊ စာမျက်နှာတွေပေါ်မှာရော။ လိုင်းပေါ်မှာတွေ့နေရတဲ့အများစုက လွတ်လပ်လွယ်ကူများများ ရေးသားနိုင်ကြလို့ ကိုယ်တကယ်ကျော်သွားလို့မဖြစ်တဲ့ အရေးအသားတွေတောင် အဲဒီအမှိုက်ပုံအောက်က မနည်းပြန်ပြန်ဆယ်နေရတယ်။ အတွေးအခေါ်နဲ့ခံစားမှုကိုတည်ဆောက်တဲ့နေရာမှာ ရပ်တည်ချက်က အရေးပါပါတယ်။ အစောကပြောခဲ့သလိုပဲ နိုင်ငံရေးဆိုတဲ့ကျွန်တော်တို့အားလုံးပေါ်က အဆောက်အအုံကြီးကို ကျွန်တော်တို့ ကျော်သွားလို့မှမရတာဘဲ။ တကယ်ယုံကြည်လို့ ရပ်တည်သလားဆိုတဲ့အထိုင်က ဆုံးဖြတ်ရင်တော့ ကျွန်တော်တို့ကဗျာဆရာများအတွက် နိုင်ငံက အများကြီးကျေနပ်စရာကောင်းပါလိမ့်မယ်။ မိုးထဲ လေထဲ အသဲအမဲဖြတ်ကျော်လာရင်းနဲ့မှ ယုံကြည်မှုဆိုတဲ့လက်သီးဆုပ်က ပြေသွားတတ်ကြတယ်မဟုတ်လား။ ယုံကြည်မှုကို ယုံကြည်ဖို့ ကျွန်တော်တို့အဆင်သင့်ရှိနေခဲ့ကြပါတယ်။

၂၀၁၂ နောက်ပိုင်း အသံကျယ်လာတဲ့ ကဗျာ့အသံတွေထဲက

mgyoe.com

mgyoe.com


အများစုဟာ အစစ်မှ ဟုတ်ပါလေစလို့ ကျွန်တော် သံသယဖြစ်ခဲ့မိတာကို ပြန်တောင်းပန်ရဦးမှာပါပဲ ဆရာ။ ကျွန်တော်တို့ရဲ့ အားနည်းချက်ကလည်း သံသယကြီးတတ်တာမျိုးပဲလို့ ပြန်နှိမ်ရမလိုဖြစ်နေပြီ။ အဲဒီကာလထဲ ကျွန်တော်ရေးဖြစ်တာတွေက နားထောင်ရတာ အရမ်းလွယ်နေတာမျိုးဖြစ်ဖို့များတယ်။ လူကြားထဲပြန်ဖတ်လို့အဆင်ပြေတဲ့ တည်ဆောက်ပုံမျိုးပေ့ါ။ အဲဒီထဲမှာ 'စစ်ဟာ ကခုန်နေတယ်' တစ်ပုဒ်လည်းပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းဖြစ်စစ်ကို လွယ်လွယ်နဲ့ တည့်တည့်စွဲချက်တင်ထားတာမျိုးပဲ။ ကဗျာဖတ်ရ၊ ရွတ်ရတဲ့အခါမျိုးတွေမှာ အဲဒီကဗျာကို ဖတ်ဖြစ်ခဲ့ပါတယ်။ ခုထိ တရားမျှတမှုနဲ့ ဝေးလွင့်ကင်းကွာနေတုန်းဆိုပါတော့။ စစ်ဆိုတာက လည်း နောက်ကြောင်းမရှင်းလို့ နောင်ရေးမအေးတဲ့ကိစ္စပဲ။ ကျွန်တော်တို့ တတ်နိုင်တာက မြေစာပင်တွေဘက်က။

မေး။ ဆရာ့မှာ စစ်လက်နက်နဲ့ စစ်ရာဇဝတ်ကောင်တွေ၊ သေနတ်သမားတွေအပေါ် အမြင်ဟာ ရှူးရှူးရဲရဲရှိနေတာ တွေ့ရတယ်။ ကျွန်တော် အကြိုက်ဆုံး 'အမည်မသိ သေနတ်သမား' ကဗျာ ရှိပါတယ်။

ဖြေ။ 'အမည်မသိသေနတ်သမား' ကတော့ သိပ်ပြောစရာမရှိပါဘူး။ ပြောခဲ့သလို ဖတ်ရလွယ်တဲ့ အမျိုးအစားထဲမှာပါပဲဆရာ။ သေနတ်သမားဆိုတာထက်စာရင် အကြမ်းဖက်မှုနဲ့ ခံရသူကြားထဲက အဆက်အစပ်ထဲ ဝင်ကြည့်တာပဲ။ နောက်တစ်ခုက သေနတ်ဆိုတဲ့ ခံစားမှုဟာ တခြားအနောက်နိုင်ငံတွေမှာလို မဟုတ်ဘူးထင်တယ်။ ကျွန်တော်တို့ဆီမှာက ပါဝါတစ်ခု ကို ကိုယ်စားပြုနေတာ။ အထက်စီး၊ အောက်စီးပဲ။ "အရိုင်းအစိုင်းတွေက မြေကိုထွန်ယက်နေတုန်း၊ လူယဉ်ကျေးတွေက မိုးပေါ်ထောင် ပစ်ပြလိုက်တာ၊ အဲဒါသေနတ်သမားပဲ" ဆိုပြီး အစပိုင်းမှာ ရေးထားတယ်။ ပါဝါဖိစီးမှုနဲ့ လူတန်းစားကိုကွဲသွားစေတာ။ ကဗျာအဆုံးသတ်မှာတော့ ကျွန်တော်ကိုယ်တိုင် မားစာခံတစ်ယောက်အနေနဲ့ ဝင်ရောက်သွားခဲ့ပါတယ်။ နေ့စဉ်

mgyoe.com

ဘဝမှာလည်း ထင်သာမြင်သာ မဟုတ်ရင်တောင်မှ သာမန်ပြည်သူ တွေဟာ ပါဝါတွေရဲ့ ချုပ်ကိုင်မှုအောက်မှာ အမြဲဓားစာခံဖြစ်နေရတာ ပါပဲ ဆရာ။

မေး။ နောက်ဆုံး ဆရာ့ကဗျာရဲ့ 'ပုံသဏ္ဌာန်' **(Form)** တွေအကြောင်း ပါပဲ။ ဆရာဟာ **L.P** ကဗျာပေါ်မှာ တိမ်းညွတ်နေပါတယ်။ 'မေးရိုးကပြောတယ်' ကဗျာကတော့ အသံစီးဆင်းမှုအလျဉ် မပြတ်တာ တွေ့ရပါတယ်။ "ကမ္ဘာကြီးထဲက မေးရိုးတွေထ လော့" ဆိုတဲ့ ကြွေးကြော်သံက အစ အားကောင်းနေတယ်။ ထား... ကျွန်တော် ဆရာ့ကဗျာရဲ့ ရှေ့ခရီးမှာ **Experimental Poetry** လို့ဆိုတဲ့ကဗျာတွေ ဆက်လက်ရေးသားခံစား လိမ့်မယ် ထင်ပါတယ်။ အဲဒီမှာ ကိုယ်ကိုယ်၌က ၂၀ ရာစု ကျောင်းသားအရေးတော်ပုံ အဆုံးသတ်မြင်ကွင်းကြီးကို ပါဝင်ရေးဆွဲခဲ့ပုံများ အမှုကွန်းထင်မှာလား ဆရာ။

ဖြေ။ ကဗျာဆိုင်ရာ အရေးအသားအများစုကိုတော့ ဖတ်လေ့ရှိပါတယ် ဆရာ။ ဒါပေမဲ့ ကိုယ့်ကိုလွှမ်းမိုးမှုဖြစ်လောက်အောင်တော့ အားစိုက် ထားတာမျိုး မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကဗျာဗေဒဆိုတာက ပညာရှင်တွေအပိုင်းနဲ့ ပိုနီးစပ်တယ်။ သဘောတရားတွေဖိစီးရင် ဖန်တီးတဲ့အခါကျတော့ အဲဒီအောက်ကပဲ ထွက်လာပါလိမ့်မယ်။ ကဗျာရေးနည်းဆိုတာက အစဉ်အလာစပ်ထုံးကိုသာ သင်လို့ဖြစ်နိုင် တာမျိုးမဟုတ်လား။ ဒီမှာက နိုင်ငံတကာကဗျာလေ့လာချက်တွေ၊ သဘောတရားတွေနဲ့ပတ်သက်ပြီး အပြိုင်တင်သွင်းပေးဖို့ မတတ်နိုင် ကြဘူး။ ကိုယ်သန်ရာသန်ရာ လေ့လာတင်သွင်းခဲ့ကြတာဆိုတော့ ရရှိတဲ့ဟာကိုကပဲ ကျေးဇူးရှိပါတယ်။ ဒါက အငြင်းပွားစရာမရှိပါ ဘူး။ အသစ်ကိုတိမ်းညွတ်ရင် အသစ်ကို ဘယ်လိုလုပ်မလဲဆိုတာမှာ ကျတော့ အဲဒီကိစ္စတွေက သက်ရောက်နေပြန်တယ်။ နောက်ပိုင်း အများစုက ရေးနည်းဖတ်ပြီးပြန်ရေးသလိုဖြစ်လာနေတော့ ဒါက လည်း စိုးရိမ်ရမယ့်အခြေအနေပါပဲ။ ဆရာက ကျွန်တော် LP အပေါ်

mgyoe.com

mgyoe.com


မှာ တိမ်းညွတ်နေတယ်ဆိုပြီး ပြောချလိုက်တော့ ဆရာ့ကောက်ချက်ကို ကျွန်တော်တောင် တွေဝေသွားမိတယ်။ တကယ်တော့ သဘောတရားတွေနဲ့ပတ်သက်ပြီး သိပ်သိထားတာမျိုးလည်း မရှိဘူး၊ လွှမ်းမိုးထားတာမျိုးလည်း မရှိပါဘူး။ ကျွန်တော်က ဘာသာစကားကိုစောင့်လိုက်၊ သုံးစွဲလိုက်ပဲ။ နိစ္စဓူဝသုံးနေတဲ့၊ ဆက်သွယ်နေတဲ့ ဘာသာစကားမှာ နေ့စဉ်သုံးစကားဖွဲ့စည်းမှုကိုပဲ ကဗျာမှာက ပြန်အလေးအနက်ထားပြီး သုံးစွဲရတာပဲကွာတယ်။ ဘာသာစကားတည်နေရာ အပြောင်းအလဲကို ကျွန်တော်တို့က ယူဆောင်လာတဲ့သူတွေပဲ။ Form တွေ၊ Structure တွေဆိုတာက သဘောတရားတစ်ခုခုရဲ့ ပိုင်ဆိုင်မှုမဟုတ်လောက်ဘူးလို့တော့ ကျွန်တော်မြင်မိပါတယ်၊ တခြားအတွင်းသားကိစ္စတွေကသာ အဓိကကွဲလွဲချက်ရှိပါလိမ့်မယ်

ကျွန်တော့်အနေနဲ့ပြောရရင်တော့ ဆရာ တချို့ Form တွေ၊ Frame တွေ တစ်ခါတလေပြောင်းလဲတတ်တာက ကျွန်တော့်တစ်ဦးချင်းစိတ်ကစားမှုပါလို့ ပြောပါရစေ။ ရေးသူကိုယ်၌က ငြီးငွေ့မှုတစ်ခုခုကနေ စိတ်ကစားတတ်ကြတာပဲ။ ကျွန်တော်ကတော့ စိတ်ကစားတာပါ။ ဒီလပိုင်းတွေ ကျွန်တော်ရေးဖြစ်နေတာ၊ အာရုံကျနေတာများ ဆရာတို့မဂ္ဂဇင်းကိုများပေးမိရင် သုံးဖြစ်မယ်တောင် မထင်ဘူး။ အယ်ဒီတာတွေရဲ့အတွေးထဲမှာလည်း အကျပ်အတည်းဖြစ်စေနိုင်တာတွေရှိနေတာပဲဆိုတော့လေ။ ဘယ်ရေးဖြစ်သလဲဆိုတာကတော့ သတင်းတင်ပြပုံ/စာကော်လံစီပုံနဲ့ ဆက်စပ်နေလို့ပါပဲ။ သာမန်ပြောရရင် အယ်ဒီတာကတော့ ကျွန်တော်စာစီပုံမတတ်လို့ဆိုပြီး စာလေးပြန်ဖြန့်ပေးလိုက်မယ်။ စာကြောင်းတွေ ပြန်ခွဲပေးလိုက်ချင်မှာပဲ။ အဲသလိုဆိုရင်တော့ ကျွန်တော် နားကားပြီပဲ။ ကျွန်တော်ကိုယ်၌ကလည်း စမ်းသပ်နေတာမျိုးလည်း မဟုတ်ဘူး။ တကယ့်ကို အတည်ပေါက်ရေးနေတာဆိုတာလေးတော့ သိမထ . ဘူးဆိုရင် အဲဒီ နားလည်မှုလွဲတာတွေဝင်လာမှာ။ ကျွန်တော် ဥပ . ပြောတာပါဆရာ။ ကျွန်တော်စိတ်ကစားတာတွေပဲရှိမယ်။ စမ်း...ပ် ကဗျာတွေ ရေးမယ်မထင်ပါဘူး။ ရေးရင်တော့ အတည်. ..က်

mgyoe.com

mgyoe.com


ရေးတာဆိုတော့လေ။

ကဗျာနဲ့ကပ်လျက် ရှင်သန်နေတာလွဲလို့ ကျောင်းသားအရေးအဆုံးသတ်မြင်ကွင်းမှာတော့ ကျွန်တော်တို့တချို့ မှုန်ဝါးသွားခဲ့ပါပြီ ဆရာ ကျေးဇူးတင်ပါတယ်။

❐

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## မင်းဆွေနှစ်နှင့် စကားစမြည်

မေး။ ဆရာမင်းဆွေနှစ် (မုံရွာ) ခင်ဗျား၊ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလက ထုတ်ခဲ့တဲ့ 'အားလုံးဇာတ်လိုက်' ကဗျာ ၅၀ အုပ်မှာ ၁၉၈၈ ခုနှစ် ပန်မဂ္ဂဇင်းက 'မိတ်ဆွေမှတ်စု' ကဗျာကနေ ၂၀၀၆ ခုနှစ် Idea မဂ္ဂဇင်းက 'ဒီလိုနဲ့တို့တွေညှံ့ခဲ့ကြ' ကဗျာအထိ ကဗျာသက်တမ်း ဆယ်စုနှစ်နီးပါးရေးခဲ့တဲ့ ကဗျာတွေပဲနော်။ ကောင်းပြီ အဲဒီကဗျာ ၅၀ ထဲက ဆရာ့ဝိညာဉ်ထဲက ကဗျာဇာတ်စီးဆင်းခဲ့တဲ့ ကဗျာတစ်ပုဒ်နှစ်ပုဒ်လောက် အမှတ်တရ ပြောစေချင်ပါတယ်။

ဖြေ။ အေးဗျာ၊ ဆရာတို့ပြောမှပဲ အားလုံးဇာတ်လိုက်ကဗျာလုံးချင်းက ၂၀၀၉ က ထုတ်ခဲ့တာဆိုတော့ ခုဆို ၅ နှစ်ရှိပြီပေါ့။ ပြောရရင် မြန်မာပြည်က သမ္မတသက်တမ်းတစ်ခုလို့ ပြောရမှာပဲ။ ဒီတော့ ဒီနေ့မြန်မာ ခေတ်ပေါ်ကဗျာတွေရဲ့ အရွေ့ကို ဆယ်စုနှစ်ရဲ့ ပထမပိုင်းအနေနဲ့ ပြန်ကြည့်ရင် ကြည့်လို့ရနိုင်တဲ့ အချိန်လို့ပြောရင်လည်း ပြောနိုင်ပါတယ်။

mgyoe.com